## **လူများနှင့်ချိတ်ဆက်ခြင်း- ယေရှုအဘယ်ကဲ့သို့သွန်သင်ခဲ့သနည်း။**
ENGAGING WITH PEOPLE-HOW JESUS TAUGHT

နေ့စွဲ- ၁၈/၁၉ (တစ်နာရီ)

<u>**ရည်မှန်းချက်များ-**</u> ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊ သူ) သည်

၁. လူတို့ကိုချိတ်ဆက်ရန်ယေရှုအသုံးပြုခဲ့သောနည်းလမ်းတစ်ချို့ကို နားလည်နိုင်လိမ့်မည်။
၂. ယေရှုသင်ကြားပေး ခဲ့သောနည်းလမ်းတစ်ချို့ကိုနားလည်နိုင်လိမ့်မည်။
၃. ဤနည်းလမ်းများကိုသူတို့၏အသက်တာတွင် မည်သို့လက်တွေ့အသုံးချရန် ဆုံးဖြတ်နိုင်လိမ့်မည်။

**I. လူတို့အားအဘယ်ကဲ့သို့ချိတ်ဆက်ရန်နှင့် လေ့ကျင့်ပေးရန် ယေရှုထံမှ လေ့လာသင်ယူခြင်း (၄၅”)**

အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်- ယေရှုသည်အဘယ်ကဲ့သို့သင်ကြားပေးခဲ့သည်ကို သူ၏စကားပြောဆိုမှုများနှစ်ခုဖြင့် ကျွန်တော်တို့တွေ့မြင်ရလိမ့်မည်။ ထိုစကားပြောဆိုခဲ့မှုများမှာ နိကောဒင်နှင့် ရှမာရိအမျိုးသမီးတို့နှင့်ပြောဆိုခဲ့မှုများဖြစ်ကြသည်။

အခြေအနေကိုအဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်-

**က. <u>နိကောဒင်အကြောင်း</u>**

- ရှင်ယောဟန် ၃း၁-၂၁ တွင်ပြောဆိုထားသည်။
- သူသည်ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သူသည် ဖာရိရှဲတို့၏ရှေ့မှောက်တွင် ယေရှုအားကာကွယ်ပေးခဲ့သည် (ယောဟန် ၇း၄၅-၅၂)။ သူက ယေရှု၏ ခန္ဓာကိုယ် ကို ဆေးကြောရန် မုရန်နှင့် အကျော်ကိုရောနှောသောနံ့သာပျောင်းကို ယူဆောင်လာသည် (ယောဟန် ၁၉း၃၈-၄၂)

**ခ ရေတွင်းနားမှာ မိန်းမတစ်ဦး၏အကြောင်း**

- ရှင်ယောဟန် ၄း၄-၁၆ တွင်ပြောဆိုထားသည်။
- သူမသည် ရှမာရိမိန်းမတစ်ဦးဖြစ်သည်။
- ဂျူးလူမျိုးနှင့် ရှမာရိလူမျိုးတို့သည် သင့်မြတ်ခြင်းမရှိခဲ့ပေ။
- ဂျူးလူမျိုးများသည် သူတို့နှင့်မည်သည့် ဆက်သွယ်မှုကို မဆို ရှောင်ရှားရန် အခြားလမ်းကြောင်းကိုအသုံးပြုသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အမြင်မှာ ထိုသူတို့သည် ဂျူးလူမျိုး ကဲ့သို့စင်ကြယ်သန့်ရှင်းသောအမျိုးအနွယ်မှ ဆင်းသက်လာခဲ့ခြင်းမရှိဟု မြင်သည်။

အဖွဲ့ငယ်များအဖြစ်သို့ခွဲလိုက်ပါ။ (ဖြစ်ရပ်ပုံပြင်တစ်ခုစီအတွက် အဖွဲ့နှစ်ဖွဲ့)
ဆွေးနွေးရန်-ယေရှုသည် နိကောဒင်နှင့် ရှမာရိမိန်းမတို့အား မည်ကဲ့သို့သင်ကြားခဲ့သနည်း။

**က. နီကောဒင် ကို ယေရှု သင်ကြား သောနည်းလမ်း ဖြင့် ယေရှုထံမှ**
**ကျွန်ုပ်တို့အဘယ်အရာကိုသင်ယူနိုင်သနည်း။**

၁. ယေရှုသည် တွေးခေါ် ဆင်ခြင်တတ်သောပညာကို ဖန်တီးသည်။
၂. ယေရှုသည် လူများရှိ ရာ နေရာနှင့် သူတို့သည်သူ၏သင်ကြားမှုကိုလက်ခံရန် အဆင်သင့် ဖြစ်သောအချိန်တွင် သူတို့အားတွေ့ဆုံသည်။
၃. ယေရှုသည် အာရုံစူးစိုက်မှုကိုဆွဲဆောင်ရန် ထိတ်လန့်တုန်လှုပ်စေသောနည်းပညာများ ကို အသုံးပြုသည်။
၄. ယေရှုသည် လာရောက်မေးမြန်းသူ၏အတွေ့အကြုံနှင့် အဆင့်အရ အဖြေများကိုပေးသည်။
၅. ယေရှုသည် သူ၏မေးခွန်းများနှင့်အတူသိချင်စိတ်ပြင်းပြခြင်းကို နှိုးဆော် စေသည်။
၆. ယေရှုသည် နီကောဒင်၏မေးခွန်းများအား အကင်းပါးပါးနှင့်ဖြေသည်။
၇. အရေးကြီးသောမေးခွန်းများကိုမေးမြန်းလာစေရန် လူပုဂ္ဂိုလ် ကို ယေရှု လှုံ့ဆော် ခဲ့သည်။
၈. ယေရှုသည် ဝိညာဉ်ရေးရာ အမှန်တရားများကို ဖော်ထုတ်ရန် ရုပ်ပိုင်းဆိုင်ရာလောက အရာမှ ပုံဥပမာများကို အသုံးပြုသည်။
၉. ယေရှုသည် သူ့ကို လေးလေးစားစား ဆက်ဆံသည်။
၁၀. ယေရှုသည် သူ၏သင်ကြားမှုအတွက်အစပြုအမှတ်အဖြစ် နီကောဒင်၏ဓမ္မဟောင်းကို နားလည်သိရှိခြင်းခြင်းအား ပေါင်းစပ်သည်။
၁၁. ယေရှုသည် မှားယွင်းသောထင်မြင်ယူဆချက်များကို ညင်သာစွာတည့်မတ်ပေးသည်။ (အငယ် ၁၁)
၁၂. ယေရှုသည် သူ၏ကိုယ်ပိုင်အတွေ့အကြုံမှ သင်ကြားပေးသည်။ (မောရှေမှ ယေရှု၊ အငယ် ၁၄)
၁၃. ယေရှုသည် မေးမြန်းလာသောသူမှ တက်ကြွစွာ တုန့်ပြန်မှု တောင်းဆိုသည်။

**ခ. ကျွန်တော်တို့သည် ယေရှုကရေတွင်းနား၌ရှမာရိမိန်းမအား သင်ကြားပေးခဲ့သောနည်းလမ်း တွင် ယေရှုထံမှ အဘယ်အရာကိုသင်ယူနိုင်သနည်း။**

၁. ယေရှုသည် မောပန်းနေသော်လည်း၊ သင်ကြားရန် ဤအခွင့်အရေးကို ရယူရန်အတွက် အဆင်သင့်ရှိသည်။ (အငယ် ၆)
၂. ယေရှုသည် သူမနှင့်စကားစမြည်ပြောဆိုခြင်းကြောင့် စွန့်စားမှုတစ်ခုကို ယူသည်။ (အငယ် ၆)
၃. ယေရှုသည် ရှမာရိဒေသမှ တစ်စုံတစ်ယောက်ထံ မှအကူအညီ တောင်းခဲ့သည်။ (အငယ် ၇)
၄. သိချင်စိတ်ပြင်းပြခြင်းကို ဖြစ်ပေါ် စေသည်။ (အငယ် ၇)
၅. ယေရှုသည် မိမိကိုယ်ကိုအာရုံစူးစိုက်မှုကိုဆွဲဆောင်သည်။
၆. ယေရှုသည် သိသောနေရာမှ မသိသောနေရာသို့သွားသည်။ (ရေတွင်း၊ ရေ)

၇. ယေရှုသည် သူမသိရှိနားလည်ပြီးသောအရာကို အသုံးပြုနေသည်။
၈. ယေရှုသည် သူမနှင့်စကားပြောဆိုရာတွင် စိတ်ဝင်တစားပါဝင်သည်။
၉. ယေရှုသည် သူမ၏ အလွန်ကိုယ်ရေးကိုယ်တာ မေးခွန်းများကို မေးမြန်းသည်။
၁၀. ယေရှုသည် သိနားလည်သည့်စကားလုံးကို သုံးသည်။ (အငယ် ၁၈)
၁၁. ၎င်းသည် သူမ၏ဝိညာဉ်ရေးရာလိုအပ်မှုကို တွေ့ဆုံစေသည်။(အငယ် ၁၄)
၁၂. ၎င်းသည် သမ္မာတရားကိုပေါ်ထွက်လာစေရန် ခွင့်ပြုသည်။
၁၃. နူးညံ့သိမ်မွေ့ခြင်းနှင့်အတူ ယေရှုသည် သူမ၏မှားယွင်းသောထင်မြင်ယူဆမှုနှင့် အပြစ်အား ပြသသည်။
၁၄. ယေရှုက သူမ ကို တန်းတူအခွင့်အရေးပေးသည်။။
၁၅. ယေရှုသည် သမ္မာတရားကို သူမ၏ဝိညာဉ်ရေးရာလိုအပ်ချက် အတွက် အသုံးပြုသည်။
၁၆. ယေရှုသည် ရုပ်ပိုင်းရေးရာအဆင့်တွင်စတင်ပြီး ဝိညာဉ်ရေးရာအဆင့်သို့ဆက်လက် သွားသည်။
၁၇. ယေရှုသည် သူမနှင့် စကားပြောဆိုနေစဉ် ကိုယ်တော်သည် သန့်ရှင်းတော်ဝိညာဉ် တော်၏လမ်းညွှန်မှုကို အထိခိုက်မခံပါ။
၁၈. ယေရှုတွင် သူမ၏လိုအပ်မှုများအားလုံးအတွက် သင့်လျော်သောအဖြေတစ်ခုရှိသည်။
၁၉. ယေရှုသည် သူမ၏မေးခွန်းနှင့် အပြုအမူအားဖြင့် ဒေါသထွက်ခြင်းမရှိပါ။ ကိုယ်တော် သည် စိတ်ရှည်သည်းခံသည်။ (အငယ် ၉၊ ၁၁၊ ၁၂၊ ၂၀)
၂၀. ယေရှုသည် သူ၏ပရိသတ်အရ သူ၏နည်းလမ်းကိုဆီလျော်စေရန် အဆင်သင့်ဖြစ် သည်။
၂၁. ယေရှုသည် သမ္မာတရားဘက်သို့ တဖြည်းဖြည်းရွေ့သို့တိုးစေသည်။
သောက်ရေတွင်း →သက်စမ်းရေ→သူမ၏အပြစ်ကိုဖော်ပြခြင်း→ပရောဖက်→ ဘုရားသခင်အား ကိုးကွယ်ခြင်း→ဘုရားသခင်သည် ဝိညာဉ်ဖြစ်သည်→မေရှိယ
၂၂. ယေရှုသည် ချစ်ခြင်းမေတ္တာဖြင့် ဆက်သွယ်သည်။
၂၃. ယေရှုသည်လုပ်ဆောင်သကဲ့သို့ သူသည် ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ဖြိုခွဲသည်။
၂၄. သူ၏ ဆွေးနွေးမှု အားဖြင့် သူသည် ရှမာရိ အမျိုးသမီးအား သူ့ကိုမေးခွန်းများ မေးရန် အားပေးတိုက်တွန်းသည်။
၂၅. ၎င်းသည် သမ္မာတရား၏ ရှင်းလင်းပြတ်သားသော ဖော်ပြချက်နှင့်အတူ အဆုံး သတ်သည်။ သမ္မာတရားကိုရှာဖွေရန်နှင့် ထိုသမ္မာတရားကိုပြောပြရန် အရေးကြီးသည်။
၂၆. ယေရှုသည် ရုပ်ပိုင်းဆိုင်ရာနိုင်းယှဉ်ချက်သို့ အစဉ်တစိုက်ပြန်သွားသည်။
၂၇. ယေရှုသည် သူ့နည်းလမ်းကို ဘယ်လို ပြောင်းလဲရမယ်ဆိုတာ သိသည်။

၈. **ယေရှု ၏ပုံ ဥပမာများ မှ သွန်သင်ခြင်း နည်းလမ်းမှ ယေရှုထံမှ အဘယ်သင်ခန်းစာ ရရှိသနည်း။**

သရုပ်ဖော်ပြသရန်-

မိန်းမတစ်ယောက်သည် ငွေဒင်္ဂါးနှင့်အတူ ကစားနေသည်။ သူမ၏ ငွေဒင်္ဂါးတစ်ပြား

ပျောက်ဆုံးသွားပြီးဘယ်နေရာရောက်သွားခဲ့သလဲဆိုပြီးစိုးရိမ်နေသည်။ သူမသည် နေရာအနှံ့ရှာဖွေနေသည်။ နောက်ဆုံးတွင် သူမသည် ရှာတွေ့ခဲ့ပြီး ၎င်းကိုပြန်လည်ရှာတွေ့ခဲ့သောကြောင့် သူမသည် အတိုင်းမသိဝမ်းမြောက်သည်။

ရှင်လုကာ ၁၅း၈-၁၉ ကိုဖတ်ပါ။ ဤပုံပြင်သည် ပုံဥပမာတစ်ပုဒ်ဖြစ်သည်ကို အဖွဲ့အား ပြောပြပါ။

အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်- ပုံဥပမာတစ်ခုသည် ကောင်းကင်ဆိုင်ရာဂုဏ်အင်္ဂါ လက္ခဏာတစ်ခုပါရှိသော လောကဆိုင်ရာပုံပြင်တစ်ပုဒ်ဖြစ်သည်။

**<u>ပုံဥပမာများ သို့မဟုတ် ပုံပြင်များတို့သည် သင်ကြားခြင်းအတွက် အဘယ်ကြောင့်အသုံးဝင်သနည်း။</u>**

၁. သူတို့သည် ပြဿနာများကိုအသေးစိတ်ဖေါ်ပြသောနည်းလမ်းတစ်ခု ဖြစ်နိုင်သည်။

၂. နားထောင်နေသူတို့သည် သူတို့၏ပြဿနာများကို ပိုင်းခြားစိတ်ဖြာပြီး ထိုအရာထဲမှ လေ့လာသင်ယူသည်။

၃. သူတို့သည် ဝိညာဉ်ရေးရာအကျိုးသက်ရောက်မှုများကို အမြဲဖွင့်ပြလျက်မရှိပါ။

၄. အယောက်တိုင်းသည် သူတို့၏ကိုယ်ပိုင် လက်တွေ့အသုံးချမှုများကို အဓိပ္ပါယ်ရှင်းလင်းဖော်ပြနိုင်သည်။

၅. ၎င်းတို့သည်လူတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှု အဆင့်နှင့် အဆင့်အားလုံး နှင့် လိုက်လျော ညီထွေ ဖြစ်စေနိုင်သည်။

၆. သူတို့က စိတ်ကူးစိတ်သန်း ကို လှုံ့ဆော်ပေးသည်။

၇. သူတို့သည် ထုံးစံအတိုင်းဖြစ်ခြင်းနှင့် သာမန်ထက်လွန်ကဲသောအရာတို့ကို အသုံးပြုသည်။

၈. သူတို့သည် စိတ်ဝင်စားမှုနှင့် သိချင်စိတ်ပြင်းပြမှုတို့ကို နှိုးသည်။

၉. သူတို့ကို မှတ်မိစေရန်နှင့် ထပ်ပြောရန် လွယ်ကူသည်။

၁၀. သူတို့သည် အထင်အရှားရှိခြင်းမှအဓိပ္ပါယ်လေးနက်စေခြင်းသို့ အကောင်အထည်ပြောင်းလဲသည်။

၁၁. ယေရှုသည် ပုံဥပမာများ၊ ယေဘုယျခြုံကြည့်ခြင်းများနှင့် ကိုယ်ရေးကိုယ်တာအတွေ့အကြုံများတို့ကို အစဉ်မပြတ်ပေါင်းစပ်သည်။

**ဃ. <u>ကျွန်တော်တို့၏နေ့စဉ်အသက်တာ၌ ဝိညာဉ်ရေးရာ အပြန်အလှန် ပြောဆိုမှုများ ကို မည်သို့ ပြောင်းလဲမည်နည်း။</u>**

အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်- လူတို့နှင့်ကျွန်တော် တို့ဆက်နွယ်တဲ့အခါ ကျွန်တော်တို့သည် ပေါ့ပေါ့ပါးပါးမှလေးလေးနက်နက်ရှိခြင်းသို့၊ ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုဖို့ ကြိုးစားသည်။

- **<u>ကျပန်းစကားစမြည်ပြောဆိုခြင်း</u>** ဟူသည် ရာသီဥတု သို့မဟုတ် မကြာသေးမီက ကစားခဲ့သောအားကစားပွဲအကြောင်းဖြစ်နိုင်သည်။

- **လေးလေးနက်နက်စကားစမြည်ပြောဆိုခြင်း**တစ်ခုဟူသည် မိသားစုအတွင်းတွင်ဖျားနာခြင်း သို့မဟုတ်သာ၍ကြီးသောအသက်တာဆုံးဖြတ်ချက်တစ်ခုပေါ် အကြံဉာဏ်အကြောင်း ဖြစ်နိုင်သည်။
- **ဝိညာဉ်ရေးရာစကားစမြည်ပြောဆိုခြင်း** တစ်ခုဟူသည် ဘာသာရေးဆိုင်ရာအကြောင်း၊ သို့သော် သေဆုံးခြင်း သို့မဟုတ် သဘာဝထက်လွန်ကဲခြင်း၊ နက္ခတ်ဗေဒင် ပညာ သို့မဟုတ် သဘာဝကုထုံးတို့လည်း ဖြစ်နိုင်သည်။ အကယ်၍လူတို့ သည် ဝိညာဉ်ရေးရာ စကားစမြည် ပြောဆိုခြင်းတွင် ချိတ်ဆက်ရန်ပွင့်လင်းပြီးအလိုဆန္ဒရှိလျှင် ကျွန်တော်တို့သည် လူတစ်ဦးအားရှာဖွေတွေ့ရှိပြီး ထိုသူနှင့်အတူ ကောင်းကင်နိုင်ငံတော် အကြောင်း ဖြစ်သောသတင်းကောင်းကို ကျွန်တော်တို့စူးစမ်းရှာဖွေနိုင်သည်ဟု သိရှိနိုင်သည်။

**II. လက်တွေ့အသုံးချခြင်း (၁၅")**

**<u>က. ကျွန်တော်တို့ဆွေးနွေးခဲ့သည့်အရ ကျွန်ုပ်အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကို လေ့လာသင်ယူမည်နည်း။</u>**

<u>ဥပမာအချို့</u>

၁. ကျွန်တော်သည် ကိုယ့်အတိတ်က လူတွေကို မကြာခဏကြည့်တတ်ပါသည်။ (လူများ နှင့် ချိတ်ဆက်ခြင်းသည် သူတို့အားသတိပြုမှုခြင်း သို့မဟုတ် သူတို့အကြောင်းတစ်ခုခုစတင်ခြင်း မှ စတင်သည်။)

၂. တစ်ခါတစ်ရံကျွန်တော့်တွင် အခြားသူများအား အပေါ် အဂတိလိုက်စားခြင်း သို့မဟုတ် ဘက်လိုက်ခြင်းရှိသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ဖြစ်သောကြောင့်ဖြစ်သည်။

၃. တစ်ခါတစ်ရံကျွန်တော်သည် သူစိမ်းများနှင့် စကားပြောဆိုရန်ကြောက်ရွံ့ခြင်းကြောင့် မည်သို့ပြောဆိုရမည်ကိုမသိသောကြောင့်ဖြစ်သည်။

၄. ကျွန်တော်သည် မေးခွန်းများမမေးပါ။ အဘယ်ကြောင့်နည်း။

၅. ကျွန်တော်သည် လူတို့၏နေ့စဉ်အသက်တာမှ ရုပ်မြင်အကူအညီများ၊ ပုံပြင်များနှင့်အတူ အစပြုပြီး သူတို့နှင့်အတူအဘယ်ကဲ့သို့ဆက်သွယ်ရန်အတွက် လေ့လာရန်အလိုဆန္ဒရှိသည်။

၆. ကျွန်တော်သည် လူတို့နှင့်အတူ ဘုံအကျိုး စီးပွား ရှာဖွေရန် အလိုဆန္ဒရှိသည်။

**<u>ခ. ကျွန်တော်သည် အဘယ်ကဲ့သို့လက်တွေ့အသုံးချနိုင်သနည်း။</u>**

အဖွဲ့ငယ်များတွင်- ယေရှု၏သင်ကြားမှုနည်းလမ်းမှ ကျွန်တော်လေ့လာထားသောအရာတစ်ခုကို ဝေမျှပါ။ ကျွန်တော်သည် ဤရက်သတ္တပတ်တွင် လက်တွေ့အသုံးချမည်။ သင်၏ "ကျွန်တော်..... လိမ့်မည်" ဟူသောအဆိုများတို့ကို ရေးချပါ။

**ကိုးကားချက်များ-**

**ရုပ်တည်မှု-** သင်တန်းမှူးသည် ယေရှုချိတ်ဆက်ခဲ့သည့်နည်းလမ်းအတိုင်း အခြားသူများနှင့်အတူ ချိတ်ဆက်ရန် လမ်းဖွင့်ပေးသင့်သည်။ သူသည် အခြားသူများကိုပုံသက်သေပြရန် ခဏနားချိန်များအတွင်း သင်တန်းသား၊သူများတို့အား မေးခွန်းများကိုမေးမြန်းသည်၊ နားထောင်သည်။

**ကျွမ်းကျင်မှု-** သင်တန်းသူ/သားများသည် ကောင်းမွန်သောမေးခွန်းများတို့ကိုအဘယ်သို့ မေးရန်၊
နားထောင်ရန်နှင့် လေးလေးနက်နက်စကားစမြည်ပြောဆိုခြင်းဘက်သို့ရွှေပြောင်းရန်
လေ့လာသင်ယူလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသူ၊သားတို့သည် ကျပန်းစကားစမြည်ပြောဆိုခြင်းမှ လေးလေးနက်နက်
စကားစမြည်ပြောဆိုခြင်းသို့ရွှေပြောင်းနိုင်သလား။ ထို့နောက်ဝိညာဉ်ရေးရာစကားစမြည်
ပြောဆိုသို့ရွှေ့ပြောင်းနိုင်သလား။ သူတို့သည် မေးခွန်းများမေးနေသလား၊ နားထောင်နေ
သလား။

**တန်ဆာပလာများ -** အရွယ်အစားကြီးသောစက္ကူစာရွက်ချပ်များ၊ မှတ်သားရန်ဖောင်တိန်များ၊ တိပ်ပြား၊
- မှတ်စု- လူ့အသိုင်းအဝိုင်းသို့လျှောက်လှမ်းခြင်း

---

ဤသင်ခန်းစာကို IDMM TOT တွင်အသုံးပြုသည်။

**သမ္မာကျမ်းစာကိုးကားချက်များ- လူများနှင့်အတူချိတ်ဆက်ခြင်း- ယေရှုအဘယ်ကဲ့သို့သွန်သင်ခဲ့သနည်း။**

(သင်တန်းမှူးအတွက်ကိုးကားချက်သာ- မှတ်စုအတွက်မဟုတ်)

**နိကောဒင်၏အကြောင်း**

**ရှင်ယောဟန်ခရစ်ဝင် ၃း၁-၂၁**

၁ ယုဒလူတို့တွင်အရာရှိဖြစ်သောနိကောဒင်အမည်ရှိသောဖာရိရှဲတယောက်သည်၊
၂ ညဥ့်အခါယေရှုထံတော်သို့လာ၍၊ အရှင်ဘုရား၊ ကိုယ်တော်သည်ပြတော်မူသောဤနိမိတ်လက္ခဏာတို့ကို
ဘုရားသခင်၏အခွင့်မရှိလျှင်အဘယ်သူမျှမပြနိုင်သည်ကိုအကျွန်ုပ်တို့သည်ထောက်၍၊ကိုယ်တော်သည်
ဘုရားသခင့်အထံတော်မှကြွလာတော်မူသောဆရာဖြစ်ကြောင်းကိုသိကြပါ၏ဟုလျှောက်သော်၊
၃ ယေရှုက၊ဒုတိယမွေးခြင်းကိုမခံသောသူမည်သည်ကား၊ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်ရဟုငါအမှန်
အကန်ဆိုသည်ဟုပြန်၍မိန့်တော်မူ၏။
၄ နိကောဒင်ကလည်း၊အသက်ကြီးသောသူသည်မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း။
အမိဝမ်းထဲသို့တဖန်ဝင်၍မွေးခြင်းကိုခံနိုင်ပါမည်လောဟုလျှောက်၏။
၅ ယေရှုကလည်း၊ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု
ငါအမှန်အကန်ဆို၏။
၆ ဇာတိပကတိမွေးသောအရာသည်ဇာတိပကတိဖြစ်၏။ဝိညာဉ်တော်မွေးသောအရာသည်ဝိညာဉ်ဖြစ်၏။
၇ ဒုတိယမွေးခြင်းကိုခံရမည်ဟုငါဟောပြောသည်ကိုအံ့ဩခြင်းမရှိနှင့်။
၈ လေသည်အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကိုသင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ် သည်၊
အဘယ်အရပ်သို့သွားသည်ကိုမသိနိုင်။ ထိုနည်းတူဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟုမိန့်တော် မူ၏။
၉ နိကောဒင်ကလည်း၊ဤအမှုအရာသည်အဘယ်သို့ဖြစ်နိုင်ပါမည်နည်းဟုလျှောက်ပြန်လျှင်၊
၁၀ တဖန်ယေရှုက၊သင်သည်ဣသရေလလူတို့တွင်ဓမ္မဆရာဖြစ်လျက်ပင်ဤအမှုအရာကိုမသိသလော။
၁၁ ငါအမှန်အကန်ဆိုသည်ကား၊ငါတို့သည်ကိုယ်သိသောအရာကိုပြော၏။ ကိုယ်မြင်သောအရာကို
သက်သေခံ၏။ သို့သော်လည်း၊ငါတို့၏သက်သေခံချက်ကိုသင်တို့သည်မခံမယူကြ။
၁၂ မြေကြီးအရာကိုငါပြော၍သင်တို့သည်မယုံလျှင်၊ ကောင်းကင်အရာကိုငါပြောသောအခါ အဘယ်သို့
ယုံကြလိမ့်မည်နည်း။

**၁၃** ကောင်းကင်ဘုံကဆင်းသက်၍ကောင်းကင်ဘုံ၌ရှိနေသောလူသားမှတပါး အဘယ်သူမျှကောင်းကင်ဘုံသို့မတက်ပြီ။

**၁၄** မောရှေသည်တောာ၌မြွေကိုမြှောက်ထားသကဲ့သို့လူသားသည်မြှောက်ထားခြင်းကိုခံရမည်။

**၁၅** အကြောင်းမူကား၊ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း။

**၁၆** ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည်ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ၊ဘုရားသခင်သည်မိမိ၌တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။

**၁၇** လောကီသားတို့အားအပြစ်စီရင်ခြင်းငှါ၊ဘုရားသခင်သည်သားတော်ကို၍လောကသို့စေလွှတ်တော်သူသည်မဟုတ်။ လောကီသားတို့သည်ကိုယ်တော်အားဖြင့်ကယ်တင်ခြင်းသို့ရောက်မည်အကြောင်းစေလွှတ်တော်မူ၏။

**၁၈** သားတော်ကိုယုံကြည်သောသူသည်အပြစ်စီရင်ခြင်းကိုမခံရ။မယုံကြည်သောသူမူကား၊ ဘုရားသခင်၌တပါးတည်းသောသားတော်ကိုမယုံကြည်သောကြောင့်ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏။

**၁၉** အပြစ်စီရင်ခြင်းကိုခံရမည်အကြောင်းကား၊အသင်းသည်၍လောကသို့ဝင်၍လူတို့သည်မကောင်းသောအကျင့်ကိုကျင့်သောကြောင့်၊အလင်းထက်မှောင်မိုက်ကိုသာ၍နှစ်သက်ကြ၏။

**၂၀** ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပျင်း၍မိမိတို့အကျင့်၌အပြစ်ပါသည်ကိုမထင်ရှားစေခြင်းငှါအလင်းသို့မချဉ်းကပ်ကြ။

**၂၁** သမ္မာတရားကိုကျင့်သောသူမူကား၊မိမိအကျင့်တို့သည်ဘုရားသခင်၏အလိုတော်နှင့်ညီသည်ကို ထင်ရှားစေခြင်းငှါအလင်းသို့ချဉ်းကပ်သည်ဟုဟောတော်မူ၏။

**သောက်ရေတွင်းနား၌ မိန်းမတစ်ဦး၏အကြောင်း**

**ရှင်ယောဟန်ခရစ်ဝင် ၄း၄-၁၆**

**၄** ရှမာရိပြည်အလယ်၌လျှောက်သွားရ၏။

**၅** ယာကုပ်သည်မိမိသားယောသပ်အားပေးသောမြေအကွက်နှင့်အနီး၊ရှမာရိနယ်၊ရှုခါအမည်ရှိသောမြို့သို့ရောက်တော်မူ၏။

**၆** ထိုအရပ်၌ယာကုပ်၏ရေတွင်းရှိ၏။ယေရှုသည်ခရီးသွား၍ပင်ပန်းသောကြောင့်ရေတွင်းနားမှာ ထိုင်တော်မူ၏။ထိုအချိန်သည်ခြောက်နာရီအချိန်ဖြစ်၏

**၇** ရှမာရိမိန်းမတစ်ယောက်သည်ရေခပ်ခြင်းငှါလာ၍၊ယေရှုက၊ငါသောက်ဘို့ရေပေးပါဟုထိုမိန်းမအား မိန့်တော်မူ၏

**၈** အကြောင်းမူကား၊တပည့်တော်တို့သည်စားစရာကိုဝယ်ခြင်းငှါမြို့ထဲသို့သွားကြသည်အခိုက်ဖြစ်သတည်း။

**၉** ထိုမိန်းမကလည်း၊သင်သည်ယုဒလူဖြစ်လျက်ပင်၊ရှမာရိမိန်းမဖြစ်သောအကျွန်ုပ်ကိုအဘယ်ကြောင့်သောက်ဘို့တောင်းသနည်းဟုဆို၏၊ဆိုသည်အကြောင်းကား၊ယုဒလူတို့သည်ရှမာရိလူတို့နှင့်ပေါင်းဘော်ခြင်းမရှိ။

**၁၀** ယေရှုကလည်း၊ဘုရားသခင့်ကျေးဇူးတော်ကိုငှင်း၊ငါသောက်ဘို့ရေပေးပါဟုဆိုသောသူကားအဘယ်သူဖြစ်သည်ကိုငှင်းသင်သည်သိလျှင်ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်းအသက်ရေကိုပေးလိမ့်မည် ဟုပြန်၍မိန့်တော်မူသော်၊

**၁၁** မိန်းမက၊သခင်၌ရေခပ်စရာမရှိရေတွင်းလည်းနက်သည်ဖြစ်၍၊အသက်ရေကိုအဘယ်သို့ရပါမည်နည်း။

**၁၂** ဤရေတွင်းကိုငါတို့အဘယာကုပ်သည်ငါတို့အားပေး၏။ သူကိုယ်တိုင်မှစ၍သားသမီး၊တိရစ္ဆာန် များတို့သည် ဤရေတွင်းကို သောက်ကြပြီ။ သခင်သည်ထိုသူထက်ကြီးမြတ်သလောဟုဆို၏။
**၁၃** ယေရှုကလည်း၊ဤရေကိုသောက်သောသူသည်နောက်တဖန်ရေငတ်အုံးမည်။
**၁၄** ငါပေးသောသူကိုသောက်သောသူမူကား၊ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွှတ်လိမ့်မည်။ ငါပေးသော ရေသည်ထိုသူ၌အသက်ရှင်ခြင်းအလိုငှါထွက်သောစမ်းရေဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏။
**၁၅** မိန်းမကလည်း၊သခင်၊အကျွန်ုပ်သည်ရေငတ်ခြင်းနှင့်၎င်း၊ သည်ကိုလာ၍ရေခပ်ခြင်းနှင့်၎င်း ကင်းလွတ်မည်အကြောင်းထိုရေကိုပေးပါဟုတောင်းလျှင်၊
**၁၆** ယေရှုက၊သွားလော့။သင်၏လင်ကိုခေါ်၍သည်ကိုလာဦးလော့ဟုမိန့်တော်မူ၏။

**သခင်ယေရှု၏ပုံဥပမာများ**

**ရှင်လုကာခရစ်ဝင် ၁၅း၈-၁၉**

**၈** တနည်းကား၊တစုံတယောက်မိန်းမ၌ငွေဆယ်ပြားရှိ၍တပြားပျောက်လျှင်၊ ဆီမီးကိုထွန်း၍မတွေ့မှီ တိုင်အောင် တအိမ်လုံးကိုလှည်း၍စေ့စေ့မရှာဘဲနေမည်လော။

**၉** တွေ့ပြီးလျှင်အဆွေခင်ပွန်းအိမ်နီးချင်းများကိုခေါ်၍၊ပျောက်သောငွေကိုငါတွေ့ပြီ။ ငါနှင့်အတူ ဝမ်းမြောက်ကြလော့ ဟုဆိုတတ်သည်မဟုတ်လော။
**၁၀** ထိုနည်းတူငါဆိုသည်ကား၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည်နောင်တရသောလူဆိုး တယောက်၌ ဝမ်းမြောက်ခြင်းရှိကြသည်ဟုမိန့်တော်မူ၏။
**၁၁** တဖန်မိန့်တော်မူသည်ကား၊တစုံတယောက်သောသူ၌သားနှစ်ယောက်ရှိ၏။
**၁၂** သားအငယ်သည်အဘထံသို့သွား၍၊အဘ၊ အကျွန်ုပ်ရထိုက်သောအမွေဥစ္စာကိုဝေ၍ပေးပါဟု တောင်းပန်လျှင်၊အဘသည်ဥစ္စာများကိုဝေ၍သားတို့အားပေးလေ၏။
**၁၃** ထို့နောက်များမကြာ၊သားအငယ်သည်မိမိဥစ္စာများကိုသိမ်းယူ၍ဝေးစွာသောပြည်သို့သွားပြီးလျှင်၊ ထိုပြည်မှာကာမဂုဏ်၌လွန်ကျူးသောအားဖြင့်ဥစ္စာပြုန်းတီး၍၊
**၁၄** ရှိသမျှကုန်သောအခါ၊ထိုပြည်၌ကြီးစွာသောအစာခေါင်းပါးခြင်းဖြစ်၍၊သူသည်အလွန်ဆင်းရဲခြင်း သို့ရောက်၏။
**၁၅** ထိုအခါပြည်သားတစ်ယောက်ထံသို့သွား၍အစေခံလျှင်၊ဝက်တို့ကိုကျောင်းစေခြင်းငှါသူ့သခင်သည် တောသို့စေလွှတ်သဖြင့်၊
**၁၆** သူသည်ဝက်စားသောပဲတောင့်ကိုပင်သားချင်မတတ်ငတ်မွတ်လျက်နေရ၏။အဘယ်သူမျှအစာကို မကျွေး။
**၁၇** ထိုအခါသတိရလျှင်၊ငါ့အဘ၏အိမ်၌အခစားသောသူများတို့သည်ဝစွာစားရကြ၏။ ငါမူကားဤပြည်၌ သေအောင်အငတ်ခံရ၏။
**၁၈** ငါထ၍အဘထံသို့သွားမည်။အဘ၊အကျွန်ုပ်သည်ဘုရားသခင်ကို၎င်း၊ကိုယ်တော်ကို၎င်းပြစ်မှားပါပြီ။
**၁၉** ယခုမှစ၍ကိုယ်တော်၏သားဟူ၍ခေါ်ခြင်းကိုမခံထိုက်ပါ။သူငှါးအရာ၌အကျွန်ုပ်ကိုထားတော်မူပါဟု ငါပြောမည်ဟူ၍အကြံရှိသည်နှင့်၊
**၂၀** ထ၍အဘထံသို့သွားလေ၏။သွား၍ဝေးသေးသောအခါအဘသည်သူ့ကိုမြင်လျှင်၊ သနားသောစိတ် ရှိသည်နှင့်ပြေးသွား၍သား၏လည်ပင်းကိုပိုက်ဘက်လျက်နမ်းရှုပ်လေ၏။